
ကြိုစဂူ
ကန္တာရနှင်းဆီနက်

## (ဒဿနလက်ဆောင်)

ကန္တာရနှင်းဆီနက်ဆိုတာ သူ့ရဲ့ ရနံ့က သိမ်မွေ့တယ်၊ ပြင်းတယ်၊ ရှူ လိုက်မိရင် မူးမေ့လဲကျသွားနိုင် တယ်၊ အလွန်အကျွံရှူမိရင် သေစေနိုင် တယ်၊ အချစ်ဆိုတာလည်း ဒီလိုပဲ၊ သာမန်ထက် ပိုပြီး အသုံးချမိရင် ဘဝ သေနိုင်တယ်…

သဲပွင့်သဲမှုန်လေးတွေဆိုရင် အတော့်ကို သေးလှတယ်။ ဒါပေမဲ့ အဲဒီ သဲပွင့်ကလေးတွေ စုစည်းလိုက်တဲ့ အခါမှာ တော့ အလွန်ကျယ်ပြန့်တဲ့ သဲကန္တာရကြီးတစ်ခု ဖြစ်လာတယ်။ ကြိုးစားအားထုတ်မှုဆိုတာ နည်း တာ များ တာနဲ့ မဆိုင်ဘူး၊ အစဉ်တစိုက် ပြုလုပ်နေဖို့ သာ အရေးကြီးတ ယ်၊ တစ်နေ့ကျလို့ စုစည်းမိတဲ့ အခါ အောင်မြင် မှုဆိုတာ မလွဲမသွေ ရ မှာ ပဲ။

မျက်စိနဲ့ မျှော်ကြည့်လိုက်တဲ့ အခါ အရိပ်မရှိ၊ ရေမရှိ၊ အဆုံးမရှိဘူး လို့ ထင်ရတဲ့ သဲကန္တာရကြီးကို ဘယ်သူမှ ဖြတ်ချင်မှာ မဟုတ်ဘူး ၊ ဖြတ် ဝံ့မှာ မဟုတ်ဘူး ။

ဒါပေမဲ့ အစဆိုတာ ရှိရင် အဆုံးဆိုတာလည်း ရှိလေတော့ အခြားတ စ်ဖက်မှာ ‘အိုအေစစ်’ ကလေးရှိနေ တာကို ဘယ်သူမှ ကြိုတင်မသိနိုင် ကြဘူး။

***

## (ဒသနလက်ဆောင်)

ဘဝဆိုတာ သဲကန္တာရတစ်ခုလိုပဲ၊ သဲကန္တာရထဲမှာ ပါဝင်တဲ့ သဲပွင့်ကလေးတွေလို ပြဿနာတွေ၊ အခက် အခဲတွေ အများကြီး ရှိပါတယ်။ ဒါကို လွတ်မြောက်အောင် မကျော်ဖြတ်နိုင်ရင် သဲဗွက်နစ်သလို ဘဝနွံထဲမှာ နစ် နေမှာ ပဲ...။

အချစ်ဆိုတာ ချိုမြိန်တဲ့ အရသာဖြစ်လို့ ချင့်ချိန် သုံးတတ်ရင် ဘဝအတွက် 'အား'တစ်ခုဖြစ်ပေမဲ့ အလွန် အကျွံသုံးစွဲမိရင်တော့ ဘဝအတွက် 'ဘေး' ဖြစ်တတ်ပါတယ်။

ကန္တာရထဲမှာ ပေါက်တဲ့ သစ်ပင်တွေ၊ ပန်းပွင့်တွေမှာ ဆူးရှိကြတယ်။ ဘဝကြမ်းကြမ်းကို ဖြတ်သန်းခဲ့ရ တဲ့ လူတွေရဲ့ အသည်းနှလုံးမှာ လည်း ဆူးရှိတယ်။

အပူဒဏ်ကို ခံနိုင်တဲ့ ပန်းဟာ ကြာကြာခံနိုင်စွမ်းရှိတယ်။ Kissme လို ပန်းမျိုးဟာ နေပူဒဏ်ပြင်းလေ အပွင့်လှလေပဲ

***

# အခန်း (၁)

# ကန္တာရထဲမှာ လျှာဖြတ်ခံခဲ့ရသူ

အချိန်ကား ဒုတိယကမ္ဘာစစ်မီးသည် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်တစ်ဝန်းလုံးသို့ ကူးစက် လောင်ကျွမ်းစ ပြုနေပြီဖြစ်သော အချိန်ဖြစ်ပေသည် ။

ထို့ကြောင့် အာရှတိုက်တစ်ဝန်းရှိ မြို့ရွာများ ၊ နယ်များ တွင် ရှုပ်ထွေးနေသောကာလလည်း ဖြစ်သည် ။ နယ်ချဲ့တို့ ၏ သူလျှိုများ ၊ လျှို့ဝှက်စွာ ဖွဲ့စည်းထားသော တော်လှန်ရေးသမားတို့ ၏ လျှို့ဝှက်စွာ လှုပ်ရှားမှုများ ဖြင့် သူ့ငါမယုံရ၊ ငါ့သူမယုံနှင့် အချိန်တိုင်း ကျီးလန့်စာစားဖြစ်နေကြသော အချိန်လည်း ဖြစ်ပေသည် ။

ကျွန်ုပ်သည် ရန်ကုန်ကောလိပ်ကျောင်းမှ ဘွဲ့ဒီဂရီ ရရှိပြီးလျှင် အိန္ဒိယပြည်၊ ဒါရာဒိန်းမြို့သို့ အစိုးရသစ် တောပညာနှင့် ပတ်သက်၍ ပညာသင်ကြားရန် မြန်မာပြည်မှ စေလွှတ်သူများ ထဲတွင် တစ်ဦးပါသဖြင့် သွား ရောက် သင်ကြားနေစဉ်မှာ ပင် ဒုတိယကမ္ဘာစစ်မီးက ကူးစက်စ ပြု လာပြီ ဖြစ်သည် ။

မြန်မာပြည်မှ ဗြိတိသျှစစ်တပ်များ လည်း အိန္ဒိယနယ်နှင့် မြန်မာပြည်နယ်စပ်မှ ထိုးဖောက်ဝင်ရောက် လာကြသော ဂျပန်တပ်များကြောင့် လုံခြုံရေး အစီစဉ်များကို အရေးတကြီး ဆောင်ရွက်နေကြသည် ။

ကျွန်ုပ်သည် အိန္ဒိယမှ သစ်တောပညာများကို သင်ကြား တတ်မြောက်ပြီးနောက် မြန်မာပြည်သို့ ပြန်လာ ပြီးလျှင် ဗြိတိသျှအစိုးရ လက်အောက် သစ်တောရုံးတွင် အရာရှိငယ်ဘဝဖြင့် တာဝန်ထမ်းဆောင်ရလေသည် ။ ထိုသို့ တာဝန်ထမ်းဆောင်ရသော အချိန်မှ စ၍ အထက်ပိုင်းရှိ သစ်တောကြီး၊ ရိုးမတောင်တန်းကြီးများ ပေါ်သို့ လှည့်လည်သွားလာရသည် ။ အမဲပစ်သေနတ်များကိုင်ဆောင်ကာ အိန္ဒိယနယ်စပ်

တောများ အထိ သွားရောက်ရ သည် ကိုပင် ပင်ပန်းသည် ဟု သဘောမ ထားဘဲ စိတ်ဝင်စားစွာ ပျော်ရွှင်နေမိသည်။

ကျွန်ုပ်အား အစိုးရက အိန္ဒိယနယ်စပ်ဘက်သို့ အဘယ့်ကြောင့် တာဝန်ပေးစေလွှတ်ရသနည်းဆိုလျှင် ကျွန်ုပ်မှာ အိန္ဒိယနယ်တွင် နှစ်အတော်ကြာအောင် နေထိုင်ပညာသင်ကြားခဲ့သဖြင့် ၎င်းနယ်မှ လာရောက် ပညာ သင်ကြသော လူမျိုးပေါင်းစုံတို့ နှင့် ရင်းနှီးခင်မင်ခဲ့လေရာ ၎င်းတို့ ဘာသာစကား အတော်များများကို သင်ကြား တတ်မြောက်ခဲ့ပေသည်။

ဟိန္ဒူ၊ မူစလင်၊ ပထန်၊ ပန်ချာပီ၊ အာရတ် ဘာသာစကားများကို ကုလားတစ်ယောက်လို ရေးနိုင်၊ ဖတ် နိုင်၊ ပြောဆိုနားလည်နိုင်ခဲ့သည်။

ကျွန်ုပ်၏ အမည်မှာ ဒေါက်တာမင်းထင်ကျော်ဖြစ်ပြီး အသက် (၃၀) ကျော် အရွယ်ရှိ လူပျိုလူလွတ် တစ်ဦးဖြစ်ပေသည် ။ ငယ်စဉ်ကတည်းက မိဘနှစ်ပါး ဆုံးပါးသွားခဲ့ပြီးနောက် ကျန်ရစ်ခဲ့သော အမွေပစ္စည်းများ ကို ဦးကြီးတော်သူတစ်ယောက်က ကောင်းမွန်စွာ ပြုစုထိန်းသိမ်းပြီး ကျွန်ုပ်ကိုလည်း ငယ်စဉ်ကတည်းက သား အရင်းကဲ့သို့ စောင့်ရှောက်ခဲ့ပေသည်။ တက္ကသိုလ်ပညာကို ဘွဲ့ဒီဂရီသာမက ဒေါက်တာဘွဲ့ ပါရအောင် သင်ကြား ပေးပြီးနောက် ကျွန်ုပ် ဝါသနာပါသော သစ်တော ပညာများကိုလည်း လေ့လာလိုက်စားခွင့်ပြုခဲ့သည်။

ကျွန်ုပ်မှာ မိဘများ ထားရစ်ခဲ့သော အမွေပစ္စည်းများ အပြင် ဦးကြီးတို့ ၏ ကောင်းမွန်စွာ စောင့်ရှာက်မှု ကြောင့် ဘွဲ့ဒီဂရီ ရပြီးနောက် ရန်ကုန်မြို့လို နေရာမျိုးတွင် သင့်တော်သော အလုပ်တစ်ခုကို ဝင်ရောက်လုပ်ကိုင် ပြီး အေးအေးချမ်းချမ်း နေမည်ဆိုပါက နေလောက်သော အခြေအနေ ရှိသော်လည်း မနေလိုဘဲ သစ်တောပညာ များကို သင်ကြားပြီး အ

နှုရာယ်များ လှသော သစ်တောများ ထဲသို့ သွားရောက်လုပ်ကိုင်ခြင်း၏ အဓိက အကြောင်းရင်းမှာ စွန့်စားမှုကို ဝါသနာပါသောကြောင့် ဖြစ်သည် ။

တက္ကသိုလ်ကျောင်းသားဘဝ ကတည်းက အချိန်ရလျှင် စိတ်တူကိုယ်တူ သူငယ်ချင်းများ နှင့် တိုင်ပင် ကာ ထောက်ကြံ့၊ မှော်ဘီ၊ တိုက်ကြီး၊ ဒေးစွန်ပါတောများ ထိအောင် အမဲပစ်ထွက်လေ့ရှိသော ကျွန်ုပ်အတွက် ယခု ကဲ့သို့ သစ်တောအရာရှိဖြစ်လာသောအခါ အမဲပစ်သေနတ်တစ်လက်ဖြင့် တောထဲတောင်ထဲသို့ လှည့်လည်သွား လာရသောအခါများ စွာသဘောကျမှု ဖြစ်မိသည် ။

ထို့ပြင် ကျွန်ုပ်သည် အမိ၊ အဘမြန်မာလူမျိုးမှ ပေါက်ဖွားလာသူ ဖြစ်သော်လည်း အရပ်မှာ ငါးပေကျော် ခြောက်ပေနီးပါး မြင့်ပြီး အသားညိုညိုနှင့် မျက်နှာပေါက်မှာ ကုလားလူမျိုးတစ်ယောက်နှင့် ဆင်ဆင်တူလှသဖြင့် အိန္ဒိယနယ်စပ်များ သို့ လှည့်လည်သွားလာသောအခါ ကုလားလူမျိုးများ နှင့် တွေ့ဆုံဆက်ဆံသောအခါ များ စွာ အဆင်ပြေလှလေသည် ။

ကျွန်ုပ်တို့ သစ်တောစခန်းရုံး ဖွင့်လှစ်ထားသော နေရာမှာ ယခု ထမံသီဘေးမဲ့တော ပြုလုပ်ထားသော သစ်တောကြီးထဲတွင် ရှိပေသည် ။ ထမံသီသစ်တောကြီးမှာ စစ်ကိုင်းတိုင်းအတွင်း၌ ရှိသော်လည်း မြန်မာနိုင်ငံ၏ အနောက်မြောက် ယွန်းယွန်းတွင် ရှိကာ အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပေါက်တံခါးလမ်းများ နှင့် လည်း နီးလှသည် ။

ထမံသီတောမှ အနောက်မြောက်ဘက်သို့ သွားလျှင် ဆွမ်မရာ၊ လေရှီးလမ်းဘက်မှ သော်လည်းကောင်း၊ ပေပေါင်း ၁၂၅၅၃ ပေ အမြင့်ရှိသော နွယ်မောက်တောင်၏ တောင်ဘက်အနီးတွင် ရှိသော တောင်ကြား

လမ်းမှ သော်လည်းကောင်း အိန္ဒိယနယ်ဘက်သို့ ရောက်နိုင်ပေသည် ။ ထိုနယ်ခြားဘက်တွင် ထမံသီတောင်တန်း၊ နာဂ တောင်တန်း၊ စာရာမေရိတောင်တန်းများ ပေါ်တွင် ကျွန်း၊ ပျဉ်းကတိုးသစ်များ သာမက သင်္ကန်း၊ အနန်း၊ ကုက္ကို၊ ကနစို၊ သစ်ကတိုး၊ သစ်ကြား၊ အင်ကြင်း၊ ထင်ရှူး၊ ထောက်ကြံ့၊ ပျဉ်းမ၊ သဖန်း၊ သစ်ရာ၊ သစ်စေး၊ သစ်အယ်၊ ဝက်သစ်ချ၊ ကညင်ဖြူ၊ ကညင်နီ၊ အုံတုံ၊ မျောက်လုတ်၊ တောင်သရက်၊ ကံ့ကော် အစရှိသော အသုံးဝင် အဖိုးတန် သစ်များ ပေါများ လှသောကြောင့် ဗြိတိသျှနယ်ချဲ့များက သာမက အခြားနယ်များမှ သစ်သူခိုးများ မျက်စိကျ လောက်မည်ဆိုက ကျလောက်ပေသည် ။ ထို့ကြောင့် လည်း ကျွန်ုပ်တို့ သစ်တောဝန်ထမ်းများမှာ ထိုနယ်ခြား ဒေသ စခန်းများမှာ သစ်တောရုံးများ ဖွင့်လှစ်ကာ ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်လျက် ရှိနေကြသည် ။

ထိုသို့ စောင့်ရှောက်နေကြသည့် ကြားမှ ပင် နယ်ခြားဘက်မှ တိတ်တဆိတ် ဝင်ရောက်လာသော သစ်ခိုး သမားများက အဖိုးတန်သစ်များကို လစ်ရင်လစ်သလို ဝင်ရောက်ခိုးယူနေကြပေရာ ကျွန်ုပ်တို့ သစ်တောဝန်ထမ်း များ ၊ လက်နက်ကိုင် တပ်ဖွဲ့များ နှင့် မကြာခဏ တွေ့ဆုံပြီး ပစ်ခတ်ဖမ်းဆီးရသည် ။

ချင်းတွင်းမြစ်မကြီးမှ တက်လာသော မြစ်လက်တက်တစ်ခုသည် ထမံသီကို ကျော်သည် နှင့် စာရာမေရိ တောင်ကို ပတ်ကာ မြန်မာပြည်အနောက်ဘက်နယ်စပ်မှ အိန္ဒိယနယ်ထဲသို့ ဝင်သွားလေရာ ထိုနေရာသည် သစ် များ ခိုးယူထုတ်သွားရန် အကောင်းဆုံး ထွက်ပေါက်တစ်ခု ဖြစ်နေတော့သည် ။ သစ်ခိုးသမားများက စာရာမေရိ တောင်၊ နွယ်မောက်တောင်တစ်ကြောမှ ကျွန်းနှင့် ပျဉ်းကတိုးသစ်များကို ထိုချင်းတွင်းမြစ်လက်တက်မှ တစ်ဆင့် နယ်ခြားသို့ ထုတ်ယူသွားလေ့ရှိသည် ။ ၎င်းတို့ သည်

သစ်လုံးများကို နဖားဖောက်ကာ နွယ်ကြိုးနှင့် ချည်ပြီး ကမ်းရိုး တစ်လျှောက် ရေဆန်ဆွဲတက်သွားကြခြင်း ဖြစ်၏။ ထိုသို့ ခိုးယူရာတွင် ကုလားလူမျိုး အလုပ် ကြမ်းသမား အများ အပြားကို အသုံးပြုကာ ထုတ် ယူကြခြင်း ဖြစ်သည် ။

စစ်ရိပ်စစ်ဘေးဒဏ်များ သန်းနေသော အာရှတိုက်အတွင်းရှိ နိုင်ငံ အတော်များများမှာ ငွေကြေးရှားပါး မှုနှင့် စားနပ်ရိက္ခာမလောက်ငမှု များကို ကြုံတွေ့နေကြရာ ကုလားအလုပ်သမားများမှာ ငွေရဖို့ ဆိုလျှင် မည်သည့် အလုပ်ကိုမဆို လုပ်ကိုင်ရသော ကာလဖြစ်ပေရာ သစ်လုံးဆွဲ သော အလုပ်လောက်တော့ ကောင်းစွာ လုပ်ကိုင်နိုင် ကြပေသည် ။ သို့ပြ င် ချင်းတွင်းမြစ်ရိုးမှာ လေရှီးအရှေ့ဘက် နယ်ခြားလမ်းသို့ ရောက်သော အခါ အတော်အတန် ရေစီးသက်သာ သွားသောကြောင့် သစ်လုံးများကို အလွယ်တကူ ဆွဲယူကာ အိန္ဒိယနယ်ထဲသို့ ရောက်အောင် ဆွဲ ထုတ်သွား နိုင်ခြင်း ဖြစ်၏။

ထိုသို့ ဆွဲယူကြရာတွင် ရာသီဥတုဆိုးဝါးသော ဒဏ်ကြောင့် အလုပ် သမားအတော်များများ ဆုံးရှုံးရ သော်လည်း သစ်ခိုးသမားများကတော့ တစ်ယောက်သေသွားလျှင် နောက်တစ်ယောက် အစားထိုးကာ သစ်ခိုးမှု ကိစ္စများကို အဆက်မပြတ် လုပ်ခဲ့ကြသည် ။ ၎င်းတို့ အလုပ်နားသော အ ချိန်မှာ မိုးရာသီအချိန်များ ပင် ဖြစ်၏။ ယခုနှစ်တွင် မေလကုန် ဇွန်လဆ န်းမှ စ၍ မုတ်သုံမိုးက ဝင်ရောက်လာသော်လည်း အပူရှိန်ကတော့ မ လျော့သေး ပေ။ တစ်နွေလုံး (၁၀၈) လောက်အထိ အပူချိန်ပြင်းထန်ခဲ့ရာ မိုးကျလာသော်လည်း ထိုအပူငွေ့မှာ အရှိန်မသေ ချင်သေးပေ။

ကျွန်ုပ်တို့ အတွက်ကတော့ မိုးရာသီ ဝင်ရောက် လာပြီဖြစ်သော ကြောင့် သစ်ခိုးသမားများ အန္တရာယ်များ အတော်အသင့် လျော့သွားပြီဖြ

စ်၍ ခါတိုင်းလောက် အလုပ်တာဝန်မများ လှတော့ပေ။ ထို့ကြောင့် သစ်တောစခန်း များ တွင် ကောင်းစွာအနားယူရင်း မိမိဝါသနာပါသော အမဲပစ်ခြင်း အလုပ်ကို စိတ်ကြိုက်ပြုလုပ်ခွင့်ရပြီဖြစ်ရာ လက်စွဲတော် (၄၀၄ ) အမဲပစ်ရိုင်ဖယ်သေနတ်ကို ကောင်းစွာသ,ပြီး တပည့်အချို့ကိုခေါ်ပြီး စာရာမေရိတောင်နှင့် နွယ်မောက်တောင် တစ်ကြောသို့လည်းကောင်း၊ လူကနေ ကျားအသွင်ပြောင်းနိုင်သည် ဟု အဆိုရှိသောကြောင့် ထိုခေတ်ထိုအခါက လူအများကြောက်ရွံ့ကြသော ထမံသီတောနက်ထဲသို့သော်လည်းကောင်း လှည့်လည်ကာ အမဲပစ်ထွက်လေ့ရှိသည် ။

တစ်နေ့သောအခါ စာရာမေရိတောင်တစ်ကြောသို့ တက်ကာ အမဲပစ်ထွက်ခဲ့ပြီး အပြန်တွင် အချိန်မရှိ တော့သောကြောင့် တောတန်းတစ်နေရာရှိ ဂူတစ်ဂူတွင် ဝင်ရောက်နားကြရန် ဆုံးဖြတ်ကြပြီး သင့်တော်သော ဂူတစ်ဂူကို ရှာဖွေပြီး အထဲသို့ ဝင်ခဲ့ကြသည် ။ ဂူမှာ အတော်အတန် ကျယ်ဝန်းလှပြီး အလင်းရောင်မရှိသော ကြောင့် အတွင်း၌ မှောင်နေလေသည် ။ ကျွန်ုပ်တို့ အဖွဲ့မှာ သုံးယောက်ဖြစ်ပြီး ဂူအတွင်းသို့ ရောက်သည် နှင့် ထူးခြားသော အနံ့အသက်တစ်မျိုးကို သတိပြုမိသဖြင့် အတွင်း၌ သားကောင်ကြီးများ ခိုအောင်းနေခြင်းရှိ မရှိ ကို လက်နှိပ်ဓာတ်မီးဖြင့် အသေအချာ ထိုးကြည့်ပြီး စိတ်ချရတော့မှ အတွင်းသို့ဝင်ကာ စခန်းချကြလေသည် ။ ဂူ ထဲသို့ ရောက်လာသောအခါ ထင်းရှူးသားများ ရှာဖွေကာ မီးဖိုကြီးဖိုလိုက်ပြီး ရေနွေးကြိုခြင်း၊ ညစာအတွက် စီစဉ်ခြင်းများကို ကျွန်ုပ်နောက်မှ ပါလာသူများက ကျွမ်းကျင်စွာ ပြုလုပ်ကြလေသည် ။ ကျွန်ုပ်ကတော့ မီးဖိုမှ မီးရောင်နှင့်ပင် ပါလာသော မှတ်တမ်းစာအုပ်ကို ထုတ်၍ ခရီးစဉ်များ ၊ တောတွင်း အတွေ့အကြုံများကို မှတ် တမ်း ရေးသားနေသည် ။

ထိုသို့ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ တစ်နေ့သောအခါ အစိုးရအ

လုပ်မှ အနားယူပြီးသည့် နောက် တွင် ၎င်းမှတ်တမ်းများ ၊ အတွေ့အကြုံများကို စာပေများ အဖြစ် ပြန်လည်ရေးသားရန် ရည်ရွယ်ထားသောကြောင့် ဖြစ်ပေသည် ။

ထိုသို့ရေးသားနေစဉ် မီးဖိုပေါ်မှာ ချက်ပြုတ်ကြော်လှော်နေသော တပည့်များ ၏ လက်ရာများက ဂူအတွင်းမှာ ပျံ့နှံ့မွှေးကြိုင်လျက် ရှိနေတော့သည် ။ ထိုရနံ့များကြောင့် တစ်နေ့လုံး ပင်ပန်းလာသော ကျွန်ုပ်တို့၏ ဝမ်းထဲမှာ တကြုတ်ကြုတ် မြည်လာသည် အထိ ဆာလောင်မွတ်သိပ်မှုများ ဖြစ် လာလေသည် ။ အထူးခြားဆုံးမှာ မီးဖိုပေါ်မှာ ကင်ထားသော ဒရယ်ပေါင်သား၏ မွှေးရနံ့မှာ အသင်းပျံ့ဆုံးဖြစ်နေတော့သည် ။

ညဦးပိုင်းအချိန် ရောက်သောအခါ ချက်ပြုတ်ကြော်လှော်ခြင်းများ ပြီးသွားသဖြင့် ကျွန်ုပ်တို့ သုံးယောက် မှာ ညစာကို မြိန်ရည်ယှက်ရည် စားသောက်ပြီးသည် နှင့် အသီးသီး မီးပုံအနီးတွင် အိပ်ကြရာ မကြာမီမှ အနွေး ဓာတ်ကြောင့် သုံးယောက်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ကြသည် ။

ထိုညက အနွေးအယှက်ကင်းစွာဖြင့် အိပ်ခဲ့ရသဖြင့် နောက်တစ်နေ့ မိုးလင်းကာမှ အိပ်ရာမှ နိုးလာကြ သည် ။ ထိုသို့ နိုး လာပြီး နံနက်စာစားပြီး ခရီးဆက်ရန် ပြင်သောအခါမှ ထူးခြားမှုတစ်ခုကို သတိပြုမိကြတော့ သည် ။ ထိုကား အခြားမဟုတ်ပေ...။

နောက်တစ်နေ့ နံနက်တွင် စားရန်အတွက် မီးဖိုပေါ်တွင် ကင်ထားသော ဒရယ်ပေါင်သားကင်မှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ခြင်းပင် ဖြစ်လေသည် ။

မိမိတို့ အဖွဲ့ထဲမှ တစ်ယောက်ယောက်များ ထစားသလားဟု မေးမြန်းကြည့်သောအခါ တစ်ယောက်မှ အိပ်ရာမှ မနိုးကြပေ။ သို့ဆိုလျှ

င် အပြင်ဘက်မှ သတ္တဝါတစ်ကောင်ကောင် လာဆွဲလေရော့သလားဟု ထင်စရာ ရှိသော်လည်း မီးဖိုအနီးတွင် ဝိုင်းအိပ်နေသော ကျွန်ုပ်တို့ ကို ကျော်ပြီး ဝင်ယူဖို့ ရန် မည်သို့မှ မလွယ်ကူပေ။ သို့ ဆိုလျှင် ဒရယ်သားက င် ဘယ်ရောက်သွားပြီလဲ။ မည်သူ လာယူသွားပြီလဲ။ ကျွန်ုပ်တို့ သုံး ယောက်မှာ များ စွာ စိတ်အနှောင့်အယှက်ဖြစ်ကြရပြီး တစ်ခုခုလုပ်ကြရ န် တိုင်ပင်ကြသည် ။ ထိုကား အခြားမဟုတ်ပေ။ ဒရယ်သား ကင်ကို လာရောက်ခိုးယူသွားသည့် သူခိုးမှာ အပြင်ဘက်မှ ဝင်ရောက်လာခြင်း ဟုတ်ဟန်မတူဘဲ ဂူအတွင်းဘက် မှ လာရောက်ခိုးယူသွားခဲ့ခြင်း ဖြစ်တ န်ရာသည် ဟု တွေးမိသောကြောင့် ဂူအတွင်းဘက်သို့ လိုက်ကြည့်ကြရန် တိုင်ပင်ကြခြင်း ဖြစ်၏။

"ကျွန်တော့်အထင်ပြောရရင်တော့ ကျွန်တော်တို့ သုံးယောက်စလုံး မသိအောင် ဒရယ်သားကင်ကို ယူ သွားပုံထောက်တဲ့ သူခိုးဟာ မျောက် တစ်ကောင်ကောင် ဖြစ်မယ် ထင်တယ်"

ဟု တစ်ယောက်က ပြောသည် ။

"မင်းကလည်း ကွာ၊ မျောက်က အသားစားတဲ့ သတ္တဝါမျိုးမှ မဟုတ် တာ၊ ငါ့အထင်ပြောရရင် တွင်း အောင်း မြွေကြီးတစ်ကောင်ကောင် လာ ဆွဲသွားတယ်လို့ ထင်တာပဲ"

ကျန်တစ်ယောက်ကလည်း အားကျမခံ သူ၏ ထင်မြင်ချက်ကို ပြော သည် ။

"ကိုင်း... မင်းတို့ ထင်တာတွေ အသာထားဦး၊ ငါ့အထင်ပြောရရင် တော့ ဒီသူခိုးဟာ အပြင်က ဝင်လာ တာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်ဘူး၊ အတွင်းက ထွက်ခိုးတာပဲ ဖြစ်ရမယ်၊ ကိုင်း... ပြောနေတာကြာတယ်၊ အ ဖြေ သိရအောင် အထဲဝင်ကြည့်ကြမယ်၊ မီးတုတ်တွေ ပြင်ကွာ"

ကျွန်ုပ်တို့ သုံးယောက်သည် မီးတုတ်များက တစ်ဖက် ကျန်တစ်ဖက်က လက်နက်များကို အသင့်ကိုင် ပြီး သတိဖြင့် ဂူအတွင်းသို့ ဝင်ခဲ့ကြသည် ။ မီးတုတ်သုံးချောင်းမှ အလင်းရောင်သည် ဂူအတွင်းပိုင်း အတော်ဝေး ဝေး နေရာသို့ ရောက်သဖြင့် ကောင်းစွာ လှမ်းမြင်နိုင်ပေသည် ။ အတွင်းဘက် အတော်ဝေးဝေးနေရာတွင် ဂူနံရံ ကိုသာ တွေ့ရပြီး ရှေ့ဆက်သွားရန် ဂူပေါက် မရှိတော့ပေ။ အနီးသို့ ရောက်သောအခါမှ ဂူပေါက်မှ တစ်ဆစ်ချိုး ကွေ့ဝင်သွားကြောင်း တွေ့ရသဖြင့် ထိုနေရာမှ အတွင်းဘက်သို့ ဆက်ဝင်ခဲ့ရာ လေးငါးကိုက်မျှဝင်မိသောအခါ ညှီ စို့စို့ ပုပ်အက်အက် အနံ့အသက်ကို ရသဖြင့် ကျွန်ုပ်က ရန်သူနှင့် တွေ့လျှင် အဆင်သင့်ဖြစ်စေရန် လက်ထဲမှ ကိုင်ထားသော မီးတုတ်ကို ဂူနံရံတစ်နေရာတွင် စိုက်ထူလိုက်ပြီး သေနတ်ကို အဆင်သင့်ပြင်ကာ ဂူအတွင်းသို့ ဆက်လက်ဝင်ရာ အတန်ကြာသောအခါ ဂူအတွင်းဘက်ဆီမှ ဂူးဂူးဝါးဝါးနှင့် မပီမသ အသံတစ်မျိုး ကြားလိုက်ရ သဖြင့် သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ မည်းမည်းသဏ္ဍာန် သတ္တဝါတစ် ကောင်သည် ကျွန်ုပ်ထိုးလိုက်သော လက်နှိပ်ဓာတ်မီးရောင်ကို မြင်သဖြင့် လွန်စွာကြောက်ရွံ့ဟန်ဖြင့် မြေသို့ ဝပ် နေသည်ကို မြင်ရသဖြင့် သတိဖြင့် ရှေ့သို့ တိုးသွားရာ အနီးသို့ရောက်သောအခါမှ လွန်စွာ အံ့သြမှုဖြစ်ရလေ သည် ။

အဘယ်ကြောင့် ဆိုသော် ထိုမည်းမည်းသဏ္ဍာန်မှာ လူတစ်ယောက်ဖြစ်နေသောကြောင့် ပင်။ အနီးသို့ သွားကြည့်သောအခါမှ ထိုလူမှာ ကိုယ်ပေါ်တွင် အဝတ်ဟူ၍ ပင် ပြောရခက်လောက်အောင် အစိတ်စိတ် အမြွာမြွာ စုတ်ပြဲလျက်ရှိသော အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ထားသည် ။ ဆံပင်များက လည်ကုပ်သာမက ကျောလယ် လောက်အထိ ရှည်ကျနေသည် ။ အချိန်အတော်ကြာအောင် အစာရေစာ ဝလင်အောင် မ

စားရသဖြင့် ၎င်း၏ တစ်ကိုယ်လုံးမှာ အရိုးပြိုင်းပြိုင်း ထလုမတတ် ပိန်လှီခြောက်သွေ့လျက်ရှိသည် ။ ၎င်း၏ အနီးတွင် ကျွန်ုပ်တို့ ပျောက်ဆုံးသွားသော ဒရယ်သားမီးကင် အကြွင်းအကျန်များကို တွေ့မြင်ရသည် ။ ထိုလူက ကျွန်ုပ်တို့ နှင့် မီးရောင်ကိုပါ ကြောက်လွန်းသောကြောင့် ဖားတစ်ကောင်ကဲ့သို့ ဒူးတုပ်ကာ မြေသို့ မျက်နှာအပ်ပြီး ပြားပြားဝပ်နေလေသည် ။

"ခင်ဗျား ဘယ်သူလဲ၊ ဒီဂူထဲကို ဘာဖြစ်လို့ ရောက်နေတာလဲ၊ ကျုပ်တို့ က ခင်ဗျားကို ရန်မူမယ့်လူတွေ မဟုတ်ပါဘူး"

ဟု အတန်တန် ပြောသောအခါမှ သူသည် မြေမှ ထလာသည် ။ သူ့မျက်နှာကို မြင်သောအခါမှ ပို၍ အံ့ဩ မှု ဖြစ်ရသည် ။ ထိုသူ၏ မျက်နှာမှ ပိန်လှီခြောက်သွေ့လျက် အရိုးပြိုင်းပြိုင်းထနေရာ လူတစ်ယောက်၏ မျက်နှာနှင့် မတူတော့ဘဲ အရိုးစုများ ဖြင့် လင်းနို့တစ်ကောင်၏ မျက်နှာမျိုးလို ဖြစ်နေတော့သည် ။ နှုတ်ခမ်းမွေး နှင့် မုတ်ဆိတ်မွေးများက ရှည်လျားစွာ ပေါက်လျက်ရှိသည် ။

"ခင်ဗျား ဘယ်သူလဲ"

ပထမမေးတော့ ကြောင်ကြည့်နေသည် ။ နောက်တစ်ခွန်းထပ်မေးတော့မှ ဝူးဝူးဝါးဝါးနှင့် ပြန်ပြောသည် ။

"ခင်ဗျား စကားမပြောတတ်ဘူးလား"

သူက ပါးစပ်ဟပြသဖြင့် ကျွန်တော်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ၎င်းပါးစပ်ထဲမှာ လျှာ မရှိတော့သည် ကို တွေ့ရသဖြင့် ကျွန်ုပ်က မေးကြည့်သောအခါ သူက ပါးစပ်နားသို့ လက်နှင့် ကပ်ကာ ဓားဖြင့် လှီးသလို လှီးပြလေသည် ။ ထိုအခါမှ ကျွန်တော်တို့ သုံးယောက်စ လုံး မှာ စိတ်မကောင်းဖြစ်ကြရသည် ။ သူ့ကို ဂူ အပြင်သို့ ခေါ်

သောအခါ အကြောက်အကန် ငြင်းနေသောကြောင့် အတော့်ကို ဖျောင်းဖျပြောဆိုကာ ခေါ်လာ တော့မှ ကြောက်ကြောက်လန့်လန့်နှင့် လိုက်လာသည်။

ဂူဝသို့ ပြန်ရောက်သောအခါ ကျွန်ုပ်တို့ ဖိုထားခဲ့သော မီးပုံကြီးအနီးမှာ ပင် ပြန်၍ စခန်းချကာ ထိုလူအား ကျွန်ုပ်တို့ ၌ ပါလာသော ရေနှင့် စားကောင်းသောက်ဖွယ်များ ၊ ဆေးဝါးများကို ကျွေးသောအခါမှ အတော်အတန် အခြေအနေ ကောင်းမွန် လာလေတော့သည်။ ထိုအခါမှ

"ခင်ဗျား မြန်မာစကား နားလည်တယ် မဟုတ်လား"

ဟု မေးသောအခါ သူက ခေါင်းညိတ်ပြသည်။

"မြန်မာစာရော ရေးတတ်သလား"

ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ခင်ဗျားအကြောင်းကို စာနဲ့ နည်းနည်းလောက် ရေးပြပါလား"

ဟု ဆိုကာ ကျွန်ုပ်က ကျောပိုးအိတ်ထဲမှ မှတ်စုစာအုပ်နှင့် ဖောင်တိန်ကို ထုတ်ပြီး သူ့လက်ထဲ ထည့်ပေး လိုက်သောအခါ တုန်တုန်ချိချိနှင့် ပင် အောက်ပါအကြောင်းများကို ရေးပြလေတော့သည်။

၎င်း၏ အမည်မှာ 'ဇော်လ' ဖြစ်ပြီး ကချင်အမျိုးသားတစ်ယောက် ဖြစ်သည်။ နာဂတောင်ခြေတွင် ရှိ သော ရွာတစ်ရွာတွင် နေထိုင်ရင်း တောလိုက်သော အလုပ်ကို လုပ်ကိုင်သည်။ တစ်နေ့သောအခါ သစ်တောဌာန အဝတ်အစားဝတ်ထားသော လူတစ်ယောက်ရောက် လာပြီး လမ်းပြပေးရန် လာရောက်ငှားရမ်းသည်။ လမ်းပြ ပေးခအဖြစ် ရွှေဒင်္ဂါးများ ပေးသဖြင့် ၎င်းနှင့် အဖော်နှစ်ယောက်တို့ လိုက်သွားခဲ့ကြသည်။

ဆွမ်မရာနယ်ခြားလမ်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံထဲသို့ ကျော်ဖြတ်ကာ သဲကန္တာရအတွင်း၌ ရှိသော နေရာ တစ်ခုသို့ ရောက်အောင် သွားခဲ့ရသည် ။ ၎င်းနေရာသို့ ရောက်အောင် ကုလားအုတ်များ ဖြင့် ရက်ပေါင်းအတော် ကြာအောင် သွားခဲ့ရသည် ။ ထိုနေရာသို့ ရောက်သောအခါ ၎င်းတို့ အားလုံး အဖမ်းခံရကာ အကျဉ်းချထားလေ သည် ။

တစ်နေ့သောအခါ မိမိတို့ လမ်းပြသုံးယောက်ကို ခေါ်ပြီး လျှာများ ဖြတ်ပစ်လိုက်သည် ။ ထိုအကြောင်း များကို ပြန်မပြောနိုင်ရန် ယခုလို ပြုလုပ်ခြင်း ဖြစ်ပေသည် ။

ရက်အတန်ကြာသောအခါ မိမိတို့ သုံးယောက်မှာ အကျဉ်းစခန်းမှ ထွက်ပြေးနိုင်ခဲ့ကြသော်လည်း လမ်း ပြခိုင်းသူမှာ တော့ အကျဉ်းသားဘဝနှင့် ပင် ကန္တာရထဲမှာ ကျန်ရစ်ခဲ့သည် ။ သေသည် ရှင်သည် ကိုတော့ မသိရပေ။ အဖမ်းခံရပြီးနောက်တွင် တစ်ကြိမ်မှ လည်း ပြန်မတွေ့ရတော့ပေ။ မိမိတို့ အား ဖမ်းဆီးသော သဲကန္တာရအတွင်းမှ လူများမှာ လူကိုယ်ခန္ဓာနှင့် ကုလားအုတ်မျက်နှာရှိသော ထူးဆန်းရက်စက်သောလူများ ဖြစ်ကြသည် ။ ၎င်းတို့ လက်ထဲတွင် လူတစ်ယောက်ကို နည်းအမျိုးမျိုးနှင့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်သည် ကို တွေ့ခဲ့ရသည် ။ သူတို့ သုံးယောက် မှာ ကန္တာရစခန်းမှ ထွက်ပြေးနိုင်ခဲ့ကြသော်လည်း လမ်းခုလတ်မှာတင် ရောဂါဖိစီးမှုဒဏ်၊ အစာရေ စာ ပြတ်လပ်မှုဒဏ်ကြောင့် သေဆုံးကျန်ရစ်ခဲ့ရပြီး မိမိတစ်ယောက်မှာ သာ အသက်ရှင်လျက်နှင့် ထိုဂူအတွင်းသို့ ပြန်ရောက်ခဲ့ပြီးနောက် အသက်ရှင်လျက်နှင့် ကျန်ခဲ့သည် ။

ဟု ရေးပြလေသည် ။ ကျွန်ုပ်မှာ ထိုမှတ်တမ်းများကို ဖတ်ရပြီးနောက် ပင်ကိုယ်ဗီဇက စွန့်စားမှုကို ဝါသနာပါသူ တစ်ယောက်ပီပီ ထိုအကြောင်းများကို များ စွာစိတ်ဝင်စားမှု ဖြစ်မိလေသည် ။

"ဒီမှာ ကိုဇော်လ၊ အခု ကျုပ်တို့ နဲ့ တွေ့ပြီဆိုတော့ ခင်ဗျားကံကောင်းတာပဲ၊ ခင်ဗျားကို ကျုပ်တို့ ခေါ် သွားပြီး ခင်ဗျားရွာကို ရောက်အောင် ပြန်ပို့ပေးပါ့မယ်"

ထိုအခါ ထိုသူက ခေါင်းခါခါ လက်ခါခါနှင့် အတင်းငြင်းဆန်လေသည် ။ သူ၏ အမူအရာမှာ အိမ်သို့ ပြန်ပို့ပေးမည်ဆိုခြင်းကို သဘောမတူဟန်ဖြင့် အတင်းငြင်းဆန်နေဟန်ရှိသည် ။

"ဒါဖြင့်လည်း ခင်ဗျား အိမ်မပြန်ချင်တော့ဘူးဆိုရင်လည်း ဒီတောထဲမှာ တော့ တစ်ယောက်တည်း မနေပါနဲ့ ၊ ကျုပ်တို့ နဲ့ လိုက်ခဲ့ပြီး ကျုပ်တို့ စခန်းမှာ နေပေ့ါ၊ နောက်တော့မှ ခင်ဗျားသွားချင်တဲ့ နေရာကို သွားပေ့ါ"

ဟု ဖျောင်းဖျပြောဆိုသောအခါ အတန်ကြာအောင် ငြိမ်ပြီးစဉ်းစားနေပြီးမှ ခေါင်းညိတ်ပြသည် ။ ကျွန်ုပ် တို့ နှင့် တစ်ညတာမျှ နေသောအခါ သူ၏ အမူအရာမှာ အတန်ငယ် တည်ငြိမ်မှုရလာကာ ပုံမှန်အနေအထားသို့ ပြန်ရောက်လာသည် ။

"တကယ်လို့ ကိုဇော်လအနေနဲ့ ကုလားအုတ်မျက်နှာနဲ့ လူတွေနေတဲ့ စခန်းကို တစ်ခေါက်ပြန်သွားမယ် ဆိုရင် သွားလမ်းပြန်လမ်းတွေ မှတ်မိပါဦးမလား"

ဟု မေးသောအခါ ၎င်း၏ မျက်နှာပေါ်မှာ လွန်စွာထိတ်လန့်တုန်လှုပ်သော အမူအရာများ ပေါ် လာလေ သည် ။

"ကျုပ်မေးတာက ခင်ဗျားကို ဒီလမ်းကို ပြန်ခေါ်သွားဖို့ မဟုတ်ပါဘူး၊ စိတ်ဝင်စားလို့ မေးတာပါ"

ထိုအခါမှ သူသည် မဖြေချင့်ဖြေချင် အမူအရာနှင့် ခေါင်းညိတ်ပြလေသည် ။ ကျွန်ုပ်၏ စိတ်ထဲမှာ တော့ ဇော်လဆိုသော လူသည် ကန္တာရထဲ

မှာ အဘယ်မျှပင် ထိတ်လန့်ချောက်ချားဖွယ်ရာများ နှင့် တွေ့ကြုံကာ သွေး ပျက်နေစေကာမူ ကန္တာရအလယ်မှ ထူးဆန်းသော လူများ နေထိုင်သော နေရာကို ကောင်းစွာမှတ်မိနေကြောင်း သိရသဖြင့် ရင်ထဲမှာ ကျေနပ်သွားမိ၏။

နောက်တစ်နေ့ နံနက်လင်းသောအခါ ဇော်လကိုပါ တစ်ပါတည်း ခေါ်ဆောင်ခဲ့ပြီး မိမိတို့ သစ်တော စခန်းရှိရာသို့ ပြန်ခဲ့ကြလေတော့သည် ။

***

# အခန်း (၂)
# ကိုဟီးနိုးစိန်ကြီးနှင့် သဲလွန်စ

ကျွန်ုပ်တို့ စခန်းပြန်ရောက်ပြီးနောက် သစ်တောစခန်းမှာ ရှိသော ဆေးမှူးများ နှင့် ကုသခြင်း၊ ကောင်း မွန်သော အစားအစာများကို ကျွေး မွေးခြင်း အစရှိသော ပြုစုခြင်းများကြောင့် ၎င်း၏ အခြေအနေမှာ သိသိ သာ သာ တိုးတက်ကောင်းမွန် လာလေသည် ။ ထို့ပြင် သူသည် အခြား လည်း တွယ်တာစရာ မရှိသောကြောင့် ကျွန်ုပ် တို့ စခန်းမှာ ပင် နေသည် ။

ကျွန်ုပ်အတွက်ကတော့ သူ့ဆီမှ ထူးဆန်းသော အတွေ့အကြုံ အကြောင်းအရာများကို ကြားရသဖြင့် များ စွာ ကျေနပ်ဖွယ်ရာ ဖြစ်နေမိ သည် ။ တစ်နေ့သောအခါ ဟု မ္ဘလင်း သစ်တောစခန်းရုံးမှ ရုံးစာရေး ကြီး ကိုဘသက် ရောက် လာလေသည် ။ သူသည် ဟု မ္ဘလင်းမှ ကျွန်ုပ်ရှိ ရာ ထမံသီသို့ ရောက်အောင် ခရီးပြင်းနှင်လာခဲ့ ဟန်ဖြင့် ချွေးသံရွှဲရွှဲဖြင့် အတော့်ကို မောပန်းနေဟန် ရှိပေသည် ။

ထိုအချိန်က ကျွန်ုပ်သည် အခန်းထဲမှာ သစ်စာရင်းများ ပြုလုပ်နေခို က် ဖြစ်သောကြောင့် သူ ဝင်လာ သည် ကို မြင်သောအခါ အမှတ်တမဲ့မို့ လွန်စွာအံ့သြနေမိသည် ။ သူက ကျွန်ုပ်ကို ဦးညွှတ်ကာ အရိုအသေပေး ပြီး ရှေ့တွင် ချထားသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည် ။

"ဘယ်လိုလဲ ကိုဘသက်၊ ဟု မွလင်းရုံးက အရေးပေါ် အကြောင်းကိစ္စရှိလို့ လာခဲ့တာလား"

"ဟုတ်တယ်၊ ဝန်ထောက်မင်းက ဆရာ့ကို အမြန်လာခဲ့ဖို့ အခေါ်လွှတ်လိုက်လို့ ကျွန်တော် လာခဲ့တာ ပါ"

"ဘာကိစ္စများ ရှိလို့ လဲဗျ"

"အဲဒါတော့ ကျွန်တော်လဲ မသိဘူး၊ သူက အမြန်လာခဲ့ဖို့ သာ မှာ လိုက်တာပါ..."

ဟု မွလင်းသစ်တောရုံးတွင် တာဝန်ခံရုံးထိုင်သော ဝန်ထောက်မှာ ဗြိတိသျှ လူမျိုးဖြစ်ကာ ၎င်း၏ အမည်မှာ 'မက်ဟော်တန်' ဖြစ်သည် ။ အသက်ငါးဆယ်ကျော်ခန့် အရွယ်ရှိပြီး ကြံ့ခိုင်ဖျတ်လတ်မှုရှိကာ အလုပ်လုပ်ရာမှာ လည်း စည်းကမ်းကျနလှသည် ။ မည်သည့် အလုပ်မဆို တိတိကျကျ လုပ်ကိုင်လေ့ရှိသည် ။ မြန်မာ လူမျိုး ဝန်ထမ်းများ အပေါ် အထင်မကြီးသူ ဖြစ်၍။ မည်သည့် ကိစ္စမဆို အထင်အမြင်သေးစွာဖြင့် အထက်စီးမှ စေခိုင်းလေ့ရှိသည် ။ အလုပ်သမားများ ၊ သစ်တောဝန်ထမ်းအတော်များများကတော့ မက်ဟော်တန်အား ကြောက်ရွံ့ကြသည် ။ ဖြစ်နိုင်လျှင် ၎င်းနှင့် မျက်နှာချင်းဆိုင် စကားပြောရမှာ ကိုပင် မပြုလိုကြပေ ။ သူကလည်း လက်အောက်ဝန်ထမ်းများ နှင့် တွေ့သည့် အခါတိုင်း စကားသုံးလုံးပြောလျှင် ဆဲသည့် စကားလုံးက နှစ်လုံး လောက် ပါလေ့ရှိသည် ။ ကျန်တဲ့ တစ်လုံးက အပြစ်တင်သော စကားလုံး ဖြစ်၍။ သို့ကြောင့် လည်း တတ်နိုင် သလောက် မက်ဟော်တန်နှင့် မတွေ့လိုကြခြင်း ဖြစ်သည် ။

ကျွန်ုပ်လည်း သစ်တောစခန်းနှင့် ပတ်သက်သော လုပ်ငန်းတာဝန်များကို မိမိလက်အောက်မှ တောအုပ် ကြီး ဦးထန်ဖုန်းရှိန်အား လွှဲအပ်ခဲ့

ပြီး ယူငင်စရာ ပစ္စည်းများ ယူဆောင်ပြီး ကိုဘသက်နှင့် အတူ ဟု မ္မ လင်းသို့ ဆင်းခဲ့သည် ။ ထမံသီနှင့် ဟု မ္မလင်းမှာ မဝေးလှသော်လည်း တစ်နေ့ခရီးမျှ သွားရသည် ။ ကျွန်ုပ်တို့ သည် သစ်တောရုံးသုံး ဂျစ်ကား ဖြင့် မောင်းလာခဲ့ရာ လမ်းတွင် မောင်းခမ်း၌ ခရီးတစ်ထောက် နားပြီးမှ ဟု မ္မလင်းသို့ ရောက်သည် ။ ဟု မ္မလင်း၏ ညဦးပိုင်းအချိန်မှာ နှင်းမှုန် နှင်းခဲများ ဖြင့် အေးမြလျက်ရှိသည် ။ မြို့ထဲမှာ ညဦးပိုင်း အချိန်ဖြစ် သော်လည်း လူသွားလူလာများ ရှင်းလျက်ရှိသည် ။ ကျွန်ုပ်သည် မြို့စွန် ဘက်တွင် သီးသန့်ဆောက်လုပ် ထားသော သစ်တောဝန်ထောက်ရုံး ရှိ ရာသို့ ဂျစ်ကားကို မောင်းလာခဲ့သည် ။

ဝန်ထောက်မင်းရုံးသို့ ရောက်သောအခါ ခြံစောင့်အား အကျိုးအကြောင်း ပြောပြပြီး ခြံဝန်းထဲသို့ ဝင် ခဲ့သည် ။

ထို့နောက်တွင် ရုံးအတွင်းရှိ အခန်းတစ်ခုထဲသို့ ရောက် လာပြီး ဝန် ထောက်မင်း မက်ဟော်တန်နှင့် တွေ့ ဖို့ ခေတ္တထိုင်စောင့်ရသည် ။ အတန်ကြာသောအခါမှ အနောက်ဘက်ခန်းမှ မက်ဟော်တန် ထွက်လာ သည် ။ ၎င်း သည် အရပ်အမောင်း မြင့်မားလှပြီး ခန့်ညားထည်ဝါလှ သော လူကြီးတစ်ဦးဖြစ်သည် ။ ၎င်းက ကျွန်ုပ်အား တစ် ချက်လှမ်းကြ ည့်သည် ။ ၎င်း၏ အကြည့်များမှာ စူးရှထက်မြက်ခြင်း၊ တစ်ပါးသူ၏ အ တွင်းစိတ်ကို ထွင်းဖောက် မြင်နိုင်လောက်အောင် အားကောင်းလှသည် ။ ထို့ပြင် ၎င်း၏ မျက်နှာပေါ်မှာ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် တိကျ ပြတ်သားမှုများကလည်း အထင်းသားပေါ်နေသည် ။ သူက ကျွန်ုပ်အား တစ်ချက်ကြည့်ပြီး လျှောက်လာရာ အနီး သို့ ရောက်သောအခါ ကျွန်ုပ် က နေရာမှ ထပြီး အရိုအသေ ပေးလိုက်သည် ။ သူက ကျွန်ုပ်အားပြုံး၍ အသိအမှတ် ပြုလိုက်ပြီး ကုလားထိုင်တွင် ပြန်ထိုင်ရန် ညွှန်ပြလေသည် ။

"ကျွန်ုပ်က မောင်မင်းကို နောက်တစ်နေ့မှ ရောက်လာမယ်လို့ ထင်နေတာ၊ ချက်ချင်းကြီး ရောက်လာပါ လား၊ ဒီလောက်မြန်မြန် ရောက်လာတာကတော့ အံ့သြစရာပဲ"

"ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ တာဝန်ဝတ္တရားနဲ့ ပတ်သက်ရင် အချိန်ဆွဲလေ့ မရှိပါဘူး ဝန်ထောက်မင်း"

"ကောင်းပါပြီ… ကောင်းပါပြီ၊ ကျွန်ုပ်ကလည်း အဲဒီလိုလူမျိုးတွေကို သဘောကျလေ့ရှိပါတယ်၊ ဒါကြောင့် လည်း မောင်မင်းကို ရွေးပြီး အခေါ်လွှတ်လိုက်ရတာပေါ့"

ဟု ပြောကာ ပြတင်းပေါက်တံခါးများ နှင့် အခန်းတံခါးမကြီးကို ၎င်းကိုယ်တိုင် အတွင်းမှ ချက်ချပိတ် ပြီးမှ ပြန် လာပြီး စားပွဲနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ကျွန်ုပ်အားလည်း ၎င်းရှေ့ရှိ အနီးဆုံး ကုလားထိုင် တွင် ဝင်ထိုင်ပြီး ကျွန်ုပ်အားလည်း ၎င်းရှေ့ရှိ အနီးဆုံး ကုလားထိုင်တွင် ရွှေ့ထိုင်ရန် ညွှန်ပြသဖြင့် ရွှေ့ထိုင်လိုက် သည် ။

"မောင်မင်းကို ခေါ်ရတဲ့ ကိစ္စက အတော့်ကို အရေးကြီးနေလို့ ပဲ၊ ဒါထက် စစ်ဘက်ကနေ ကျွန်ုပ်တို့ ဌာန ကို ရောက်လာတဲ့ မေဂျာစမစ်ဆိုတဲ့ လူကို သိတယ် မဟုတ်လား"

"နာမည်ကြားဖူးတာတော့ ကြာပါပြီ၊ လူကိုတော့ တစ်ကြိမ်နှစ်ကြိမ်လောက်ပဲ မြင်ဖူးပါတယ် မင်းကြီး"

"ဟုတ်ပြီ၊ ကျွန်ုပ် သူ့ကို တာဝန်နှစ်ခုပေးပြီး အိန္ဒိယနယ်ရဲ့ အနောက်မြောက်နယ်ကို လွှတ်လိုက်တာ အခုဆိုရင် သုံးလရှိပြီ၊ အခုထိ ပြန်လည်း မရောက်လာဘူး၊ သတင်းလည်း လုံးဝ မကြားရဘူး ဖြစ်နေတယ်"

"သူ့ကိုတာဝန်ပေးတဲ့ ကိစ္စက အတော်အရေးကြီးပါသလား ဝန်ထောက်မင်း"

"အင်း... အရေးကြီးတယ်လို့ ဆိုရမှာ ပဲ၊ အခု အာရှတိုက်မှာ လည်း ဥရောပမှာ လိုပဲ စစ်ရိပ်စစ်ငွေ့က သန်းနေတယ်လို့ ဆိုရမယ်၊ အနောက်နိုင်ငံကြီးတွေက အာရှတိုက်ကို ခြေကုပ်ယူနိုင်ဖို့ ကြိုးစားနေကြတယ်"

ကျွန်ုပ်က စိတ်ဝင်စားစွာ နားထောင်နေမိသည် ။

"အနောက်နိုင်ငံကြီးတွေက အာရှမှာ ခြေကုပ်ယူမယ်ဆိုရင် အဓိက အရေးကြီးတဲ့ နေရာသုံးခုရှိတယ်၊ အဲဒီမှာ အိန္ဒိယနယ်ရဲ့ အနောက်မြောက်စူးစူးမှာ ရှိတဲ့ 'ရစ်စတန်'ဆိုတဲ့ နယ်လေးက အဓိကနေရာမှာ ပါတယ် ၊ လူ သိတော့ အင်မတန်နည်းတယ်၊ မောင်မင်း ကြားဖူးလား"

"သဲကန္တာရထဲမှာ ရှိပြီး လူသူအရောက်ပေါက်နည်းပြီး လူသိပ်မသိသေးတဲ့ နေရာတစ်ခု ဖြစ်မယ် ထင်ပါ တယ်"

"ဟုတ်တယ်၊ အဲဒီမှာ နေတဲ့ လူတွေက ကုလားအုတ်မျက်နှာနဲ့ သိပ်တူကြတယ် မောင်မင်း"

ထိုစကားကြားသောအခါ ကျွန်ုပ်မှာ ဇော်လ ပြောပြသော ကုလားအုတ်မျက်နှာနှင့် လူများ အကြောင်းကို ချက်ချင်း ပြန်သတိရမိလေတော့သည် ။

"အဲဒီမှာ ဘုရင်စနစ်နဲ့ အုပ်ချုပ်တယ်ထင်တယ်"

"ဟုတ်တယ် မောင်မင်း၊ သူတို့ ကို အုပ်ချုပ်တာ ဘုရင်ပဲ၊ အဲဒီရစ်စတန် နယ်ကလူတွေက သူတို့ ဘုရင်ကို သိပ်ပြီး ကြည်ညိုလေးစားကြတယ်၊ အဲဒီမှာ တော့ ဘုရင်နှုတ်က ထွက်လာတဲ့ စကားဟာ အမိန့်ဖြစ်သလို ဥပဒေ လည်း ဖြစ်တယ်၊ အနောက်ဘက်ကလူတွေက အဲဒီသဲက

န္တာရထဲက ရစ်စတန်နယ်လေးကို မျက်စိကျနေကြတယ်၊ ဘာကြောင့် လဲ ဆိုတော့ အဲဒီနေရာလေးဟာ အာရှတိုက်ကို ဝင်မယ်ဆိုရင် 'သော့ပေါက် ' လို့ ဆိုရလောက်တဲ့ အဓိကကျတဲ့ နေရာ ဖြစ်နေတယ်လေ၊ အနောက်နိုင်ငံကြီးတွေက လူတွေက အဲဒီနေရာကို ခြေကုပ်ယူမိရင် အာရှ တိုက်ကို အလွယ်တကူ ဝင်ရောက်နိုင်ကြမယ်၊ သူတို့ အဲဒီနေရာမှာ ခြေကုပ်ယူနိုင်မယ်ဆိုရင် ကျွန်ုပ်တို့ ဗြိတိသျှ အစိုးရအတွက် အခက်တွေ့စရာတွေ အများကြီး ရှိလာနိုင်တယ်၊ ဒါကြောင့် ဒီအကြောင်းတွေကို စုံစမ်းထောက် လှမ်းဖို့ မေဂျာစမစ်ကို လွှတ်လိုက်တာပဲ၊ တစ်ခုခက်တာက သူက ကုလားစကားသိပ်မတတ်တော့ အခက်တွေ့ နိုင်တယ်၊ ကျွန်ုပ်ကတော့ သူ တစ်ခုခု ဖြစ်နေလောက်ပြီလို့ ယူဆမိတယ်"

ကျွန်ုပ် စိတ်ထဲမှာ တော့ ဖော်လပြောသော အကြောင်းများကို ပြန်လည်တွေးတောနေမိသည် ။

"သူ့ကို အဲဒီနေရာကို လွှတ်တဲ့ ကိစ္စတွေထဲမှာ အခြားကိစ္စတစ်ခု လည်း ရှိသေးတယ်"

"အမိန့်ရှိပါ ဝန်ထောက်မင်း"

"ကိုဟီးနိုးစိန်ကြီးအကြောင်းကို မောင်မင်းကြားဖူးလား"

"ဘုရင့်သရဖူမှာ တပ်ဆင်ထားတဲ့ စိန်ကြီးကို ပြောတာ ထင်ပါရဲ့ "

"ဟုတ်တယ်၊ အဲဒီစိန်ကြီးနဲ့ ပတ်သက်လို့ ရော မောင်မင်း ဘာတွေ ကြားဖူးထားသလဲ"

"ကျွန်တော် သိပ်မသိပါဘူး ဝန်ထောက်မင်း"

"ဒီလိုဆိုရင်လည်း အတိုချုပ်လောက်တော့ သိထားသင့်တယ်၊ ဒီစိန်ကြီးကို သက္ကရာဇ် (၁၈၄၉) ခုနှစ် က ဗြိတိသျှတပ်တွေက ပန်ဂျပ်နယ်ကို

သိမ်းပိုက်တဲ့ အခါမှာ သူတို့ ရဲ့ မဟာရာဂျာစော်ဘွားက အဲဒီမှာ အုပ်ချုပ်နေတယ်၊ အဲဒီစိန်ကြီးကို 'အမရစ်ဆာ' ဘုရားရှိခိုးကျောင်းက ယူသွားကြတယ်၊ ဒါပေမဲ့ အမရစ်ဆာဘုရား ကျောင်း မရောက်ခင်မှာ ရစ်စတန်နယ်က ကုလားအုတ်မျက်နှာနဲ့ လူတွေက ယူသွားပြီး သူတို့ ကိုးကွယ်တဲ့ ရုပ်ထုကြီးမှာ တပ်ဆင်ထားလိုက်ကြတယ်"

"စိတ်ဝင်စားစရာပါပဲ"

"အဲဒီစိန်ကြီးကို ရစ်စတန်ဘုန်းကြီးက လိုချင်တာနဲ့ အဲဒီမှာ စောင့်တဲ့ ဘုန်းကြီးကို လာဘ်ထိုးပြီး စိန် ကြီးကို ယူဆောင်လာခဲ့တယ်၊ နောက်တော့ ဗြိတိသျှအစိုးရလက်ထဲ ရောက်လာတယ်ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော်တို့ ရခဲ့တဲ့ စိန်ကြီးက ကိုဟီးနိုးစိန်ကြီးအစစ် မဟုတ်ဘူး ၊ အစောင့်ဘုန်းကြီးက ရစ်စတန်ဘုန်းကြီးကို ပေးစဉ်ကတည်းက အစစ်ကို ပေးခဲ့တာ မဟုတ်ဘူး ၊ ကိုဟီးနိုးစိန်ကြီးနဲ့ ခွဲမရအောင် တူတဲ့ အတုတစ်လုံးကို ပေး ခဲ့တာပါပဲ"

"ဟုတ်ကဲ့ ဝန်ထောက်မင်း"

"အဆင့်ဆင့် ပြောင်း လာပြီး ကျွန်ုပ်တို့ ဗြိတိသျှ အာဏာပိုင်တွေလက်ထဲ ရောက်လာတော့လည်း အတုကြီးပဲ ရောက်လာတာပဲ၊ ဒါပေမဲ့ အဲဒီအချိန်က ကျွန်ုပ်တို့ အလိမ်ခံရတာကို လုံးဝမရိပ်မိခဲ့ကြဘူး၊ ဒါနဲ့ ပဲ အဲဒီစိန်ကြီးကို လန်ဒန်ကို ပို့လိုက်ကြတယ်၊ လန်ဒန်ကို ရောက်ပြီး ဘုရင့်သရဖူမှာ တပ်ဆင်ပြီးတဲ့ နောက် အတော်ကြာတော့မှ ကျွန်ုပ်တို့ ကောင်းကောင်း အလိမ်ခံခဲ့ရတယ်ဆိုတာကို သိခဲ့ရတယ်၊ ဒါပေမဲ့ ဒီအကြောင်း တွေကို ဘုရင်မင်းမြတ်၊ အိမ်ရှေ့စံနဲ့ ဘဏ္ဍာရေးဝန်ကြီး၊ စစ်သေနာပတိချုပ်တွေလောက်သာ သိပြီး ကျန်တဲ့ လူတွေကို အသိမပေးဘဲ လျှို့ဝှက်ထားခဲ့ကြတယ်"

"ကျွန်တော်တို့ က အဲဒါကိုပဲ အစစ်လို့ ထင်နေကြတာ"

"မောင်မင်းမှ မဟုတ်ဘူး ၊ ကျန်တဲ့ လူ အတော်များများကလည်း ကို ဟီးနိုးစိန်ကြီး အစစ်လို့ ပဲ ထင်နေ ကြတာ၊ ကျွန်ုပ်တောင်မှ ဒီ အကြောင်းကို ကံကောင်းလို့ သိခွင့်ရခဲ့တာ၊ ဘာကြောင့် လည်း ဆိုတော့ ဘဏ္ဍာရေး ဝန်ကြီးက ကျွန်ုပ်နဲ့ သားချင်းမကင်းပေဘူး၊ ဒါကြောင့် သိရ တာပဲ၊ နောက်ဆုံး တိုတိုပြောရရင်တော့ အဲဒီကိစ္စ ကြီးက ကျွန်ုပ် လက် ထဲ ရောက်လာတယ်၊ ဒါကြောင့် ဒီကိစ္စကို ကျွန်ုပ်တို့ လူမျိုးထဲက စိတ်ချ ရတဲ့ မေဂျာစမစ်ကို ရွေးပြီး လွှတ်လိုက်တာပဲ"

"ဪ... မေဂျာစမစ်သွားခဲ့တာ ထောက်လှမ်းရေးကိစ္စအတွက်တင် မကဘူး၊ ကိုဟီးနိုးစိန်ကြီး အကြောင်းလည်း ပါသေးတာကိုး"

"ဟုတ်တယ်၊ အခု သူ့ကိုလွှတ်လိုက်တာ သုံးလကျော်တဲ့ အထိ သတင်းလည်း မကြား၊ လူလည်း ပြန် ရောက်မလာဘူးဆိုတော့ သူ ရန် သူ့လက်ထဲ ရောက်သွားရင်သော်လည်း ရှိရမယ်၊ ဒါမှ မဟုတ် ဒုက္ခနဲ့ တွေ့တာ လည်း ဖြစ်ရမယ်၊ ဒါကြောင့် မောင်မင်းကို အရေးတကြီးမှာ ရ တာပဲ ဒေါက်တာမင်းထင်ကျော်"

ကျွန်ုပ်မှာ ယခုအထိ ဝန်ထောက်မင်း မက်ဟော်တန်၏ စကား ရည်ရွယ်ချက်ကို ပြည့်စုံစွာ သဘော မပေါက်သေးသော်လည်း ရင်ထဲမှ နည်းနည်းတော့ အံ့ဩသွားပါသည် ။ အဘယ်ကြောင့် ဆိုလျှင် အင်္ဂလိပ် လူမျိုး တစ်ဦးဖြစ်သူ မက်ဟော်တန်မှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများ အပေါ် များ စွာ အထင်မကြီးလှသူ ဖြစ်ပေရာ ကျွန်ုပ် တို့ နှင့် ပြောဆိုဆ က်ဆံရာတွင် သခင်နှင့် ကျွန် ဆက်ဆံပုံမျိုးနှင့် သာ ဆက်ဆံရုံမက ကျွန်ု ပ်တို့ အား ‘မောင်မင်း’ ဟု သာ အထက်စီးလေသံမျိုးနှင့် ဆက်ဆံရာမှ ကျွန်ုပ်အား ‘ဒေါက်တာမင်းထင်ကျော်’ ဟူ၍ အမည်နာမကို လေး စား

စွာ ခေါ်ဝေါ်သုံးစွဲသဖြင့် ကျွန်ုပ်မှာ များ စွာအံ့သြမှု ဖြစ်မိခြင်း ဖြစ်ပေသည်။

"အင်း... လက်စသတ်တော့ 'အမရစ်ဆာ' ဘုရားရှိခိုးကျောင်းက ပျောက်ဆုံးသွားတဲ့ ကိုဟီးနိုးစိန် ကြီးဟာ တကယ်တော့ အစစ်မှ မဟုတ်ဘဲကိုး"

"ဟုတ်တယ်၊ လုပ်တာကတော့ သူတို့ အချင်းချင်း တစ်ပတ်ရိုက်ကြတာပဲ၊ ဒါပေမဲ့ အခုထိတော့ ကျွန်ုပ် တို့ ဗြိတိသျှအစိုးရကို လာထိနေတာပေါ့လေ၊ အားလုံးကသာ ဒီအကြောင်းကိုသိသွားရင် ဘယ်လောက် အရှက် ရလိမ့်မလဲ၊ စိန်အတုကြီးကို မကိုင်မှုသရဖူမှာ တပ်ပြီး ဘုရင်လုပ်နေတယ်လို့ ပြောကြမှာ ပေါ့၊ ဒါကြောင့် ဒီစိန်ကြီး ဘယ်နေရာမှာ ရှိတယ်ဆိုတာရယ်၊ ဖြစ်နိုင်ရင် တစ်ပါတည်း ယူလာနိုင်ဖို့ အတွက် သိပ်အရေးကြီးနေတယ်၊ ပြော ရရင်တော့ အဲဒီလောက် အရေးကြီးတဲ့ တာဝန်ကြီးက ကျွန်ုပ်ဦးခေါင်းပေါ် ရောက်နေပြီ ဆိုရမယ်"

"ပြောပါ ဝန်ထောက်မင်း"

"အဲဒီလို ပြန်ရဖို့ အတွက် ကျွန်ုပ် မေဂျာစမစ်လို လူတော်တစ်ယောက်ကို ရွေးချယ်ပြီး လွှတ်လိုက်ကာမှ သူပါ အန္တရာယ် တွေ့နေပုံရတယ်၊ ပြန်မရောက်လာတော့ဘူး၊ ဒါကြောင့် နောက်ထပ် လူတစ်ယောက် ထပ်လွှတ် ဖို့ လိုလာတယ်၊ အဲဒီကို သွားမယ့်လူဟာ အင်္ဂလိပ်လူမျိုးမဟုတ်တဲ့ လူ ဖြစ်ရမယ်၊ စွန့်စားမှုကို ဝါသနာပါပြီး သတ္တိလည်း ရှိရမယ်၊ ကုလားစကားမျိုးစုံလည်း တတ်ရမယ့်အပြင် ကျွန်ုပ်တို့ ဗြိတိသျှအစိုးရအပေါ် သစ္စာရှိ နိုင်မယ့် လူလည်း ဖြစ်ရမယ်ဆိုတော့ ကျွန်ုပ် ရွေးချယ်လိုက်တာ ဒေါက်တာ မင်းထင်ကျော်တစ်ယောက်ပဲ မြင် တာမို့ ချက်ချင်းအခေါ်လွှတ်လိုက်ရတာပဲ"

ဒီတော့မှ ကျွန်ုပ်မှာ ဝန်ထောက်မင်း ခေါ်သည့် အကြောင်းရင်းအမှန်ကို သိရလေတော့သည် ။

"ဒေါက်တာမင်းထင်ကျော် တာဝန်က မေဂျာစမစ်အကြောင်းကို စုံစမ်းပြီး သူ အသက်ရှင်နေသေးတယ် ဆိုရင် နောက်တစ်ချက်က ကိုဟီးနိုးစိန်ကြီး ဘယ်နေရာမှာ ထားတယ်ဆိုတာ သိဖို့ နဲ့ ဖြစ်နိုင်ရင် ပြန်ရအောင် ယူလာပေးဖို့ ပါပဲ၊ ဒီအတွက် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ဖို့လည်း စီစဉ်ထားပါတယ်၊ ဒေါက်တာမင်းထင်ကျော် အတွက် ဝန်ထောက်ရာထူးတစ်နေရာနဲ့ ငွေသားတစ်သိန်း၊ ရွှေတစ်ဆယ်သား ချီးမြှင့်ဖို့ စီစဉ်ထားပါတယ်"

ဟု ပြောပြလေသည် ။

ကျွန်ုပ်ရင်ထဲမှာ တော့ အင်္ဂလိပ်လူမျိုးတစ်ဦး၏ အကူအညီတောင်းခံမှု ခံရသည့် အတွက် များ စွာ ကျေနပ်မိလေသည် ။ ရွှေ၊ ငွေကိုသော်လည်းကောင်း၊ ရာထူးဌာနန္တရကိုသော်လည်းကောင်း များ စွာမက်မောမှု မရှိလှသော်လည်း အင်္ဂလိပ်ကပ္ပတိန်တစ်ယောက် ဆောင်ရွက်၍ မအောင်မြင်သော ကိစ္စတစ်ခုအတွက် မြန်မာ လူမျိုးတစ်ယောက်အနေနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခွင့် ရသဖြင့် ဂုဏ်ယူကျေနပ်နေမိလေသည် ။ ထို့ ပြင် ကျွန်ုပ်၏ ပင်ကိုယ်ဗီဇကလည်း စွန့်စားမှုကို ဝါသနာပါသည် က တစ်ကြောင်း၊ မိမိအနေနှင့် ဗြိတိသျှအစိုးရ လက်အောက်မှ ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် မိမိအထက်အရာရှိက စေခိုင်းသော အမိန့်ကို မလွန်ဆန်ချင်သည် က တစ်ကြောင်းကြောင့် ဝန်ထောက်မင်း မက်ဟော်တန်၏ စေခိုင်းချက်ကို လက်ခံ လိုက်လေတော့သည် ။

ကျွန်ုပ်ထံမှ သဘောတူညီမှုကို ရရှိသောအခါ ဝန်ထောက်မင်း မက်ဟော်တန်သည် ပေါ့ပါးသွက်လက်စွာ ဖြင့် အနောက်ဘက်အခန်းထဲ ဝင်

သွားပြီး အတန်ကြာသောအခါ ပစ္စည်းအချို့ကို ယူပြီး ပြန်ထွက်လာတော့ သည် ။ ထိုပစ္စည်းများကို ကျွန်ုပ်ရှေ့ရှိ စားပွဲပေါ်သို့ တင်လိုက်သောအခါ သားရေအိတ်ဖြင့် အကျအန ထည့်ထား သော ဒန်ရောင်ခြောက်လုံးပြူးတစ်လက်၊ ဆင်စွယ်ရိုးကို ငွေကွပ်ထားသော စစ်သုံးဓါးမြှောင်တစ်ချောင်း၊ တစ်ရာတန် ငွေစက္ကူများ နှင့် ရွှေဒင်္ဂါးများကို တွေ့မြင်ရသည် ။

"ဒါက ကျွန်ုပ် အမြဲကိုင်တဲ့ သေနတ်နဲ့ ဓါးပဲ၊ တိုက်ပွဲအတော်များများမှာ အောင်ပွဲခံခဲ့တုန်းက အသုံး ပြုခဲ့တဲ့ လက်နက်တွေပဲ ဒေါက်တာ မင်းထင်ကျော်၊ ဒါက ငွေတစ်ထောင်နဲ့ ရွှေဒင်္ဂါး အပြားတစ်ရာ ရှိတယ်၊ ကုလားလူမျိုးတွေဟာ ရွှေငွေဆိုရင် အင်မတန် မက်မောကြတယ်၊ ဘယ်ကိစ္စမဆို သူတို့ နဲ့ တွေ့တဲ့ အခါ ငွေနဲ့ ရွှေ ကိုသာ သုံးပြီး ခိုင်းမယ်ဆိုရင် ဒေါက်တာမင်းထင်ကျော်ရဲ့ လိုအင်ဆန္ဒတွေ ပြည့်စုံအောင်မြင်လိမ့်မယ်"

ဟု ပြောကာ ပစ္စည်းများကို ကျွန်ုပ် ရှေ့သို့ တွန်းပေးလိုက်သည် ။ ကျွန်ုပ်မှာ ပင်ကိုယ်ဗီဇအရ ရှေ့တွင် ရှိ သော ရွှေနှင့် ငွေများကို လုံးဝတပ်မက်ခြင်း မရှိဘဲ ဒန်ရောင်တောက်ပနေသော သေနတ်နှင့် ဆင်စွယ်ရိုးတပ် ဓါး ကိုသာ ကောက်ယူပြီး အသေအချာ ကြည့်နေမိသည် ။ သေနတ်၏ အေးစက်သော အတွေ့အထိသည် လက်မှ တစ် ဆင့် အသည်းနှလုံးတိုင်အောင် စိမ့်ဝင်သွားပြီး သွေးများ တက်ကြွနိုးကြားလာသည် ဟု ပင် ထင်လိုက်မိသည် ။

"ကျွန်တော်ဟာ မြန်မာလူမျိုးစစ်စစ်တစ်ယောက်ပါ၊ ကိုယ့်နိုင်ငံတော်ကို မတရားသိမ်းပိုက် အုပ်ချုပ်နေ တဲ့ အင်္ဂလိပ်လူမျိုးတွေကို မနှစ်သက်ပါဘူး၊ ဒါပေမဲ့ အခုအခြေအနေမှာ တော့ ကျွန်တော်ဟာ အင်္ဂလိပ်အစိုးရ လက်အောက်မှာ အမှုထမ်းနေရတဲ့ ဝန်ထမ်းတစ်ယောက်ပါ

ပဲ၊ ဒါကြောင့် တာဝန်ကို တာဝန်လိုပဲ ဆောင်ရွက်ပ့ါ မယ်၊ အောင်မြင်အောင်လည်း ဆောင်ရွက်ခဲ့ပါမယ် ဝန်ထောက်မင်း"

ဟု ပြောကာ နေရာမှ ထပြီး ဝန်ထောက်မင်းအား အရိုအသေ ပေးလိုက်သည် ။ ဝန်ထောက်မင်း မက် ဟော်တန်က ခေါင်းညိတ်အသိအမှတ်ပြုပြီး…

"ဂွတ်(ဒ်) နိုက် ဒေါက်တာ မင်းထင်ကျော်"

ဟု နှုတ်ဆက်လိုက်သည် ။

ထို့နောက် ကျွန်ုပ်သည် စားပွဲပေါ်မှာ ချထားသော ပစ္စည်းများကို ယူပြီး ဝန်ထောက်မင်း အခန်းထဲမှ ထွက်လာခဲ့လေသည် ။ အပြင်ဘက်မှ အမှောင်ရိပ်များက ဖုံးလွှမ်းလျက်ရှိနေပြီ ဖြစ်၏။

***